
ရွှေဦးပေါလာဂင
// ဆန့်သိန်း
ဆံရွှေမြင့်
၆

ကျွန်တော်နဲ့ မြတ် – ခုလိုအခြေအနေ ရောက်နေကြတာကိုခင်ဗျား အံ့ဩမဆုံးဖြစ်မယ်ဆိုတာ ကျနော်ယုံကြည်ပါတယ်ခင်ဗျားမှ မဟုတ်ဘူး၊ ကိုငြိမ်းမောင် ကျနော်နဲ့ မြတ်ရဲ့အပေါင်းအသင်း အားလုံးက အံ့ဩမဆုံး ဖြစ်ကြတာပါဘဲ. . .

ဖြစ်ကြမယ်လေ – ဖြစ်ကြမယ်. . .ကျနော်နဲ့ မြတ်ဟာသမီးရီးစားဘဝကနေ အကြင်လင်မယားဖြစ်လာကြတဲ့အသိအများတကာ စံထားလောက်အောင်တဦးကိုတဦး အကြင်နာအယုယပိုခဲ့ကြတယ်မဟုတ်လား . .

အခုလို လင်မယားကွဲကြတဲ့ အဖြစ်မျိုးကြုံရဆုံရလိမ့်မယ်ရယ်လို့ ဘယ်သူက ထင်ကြေးပေးရဲ့မှာလဲ. . .

ဒါပေမယ့်ဗျာ ဒါပေမဲ့ပေါ့. . .တိမ်ကြားမှာလှုပ်ပါးနေတဲ့ ခွန်ဟာ အချစ်ချည်ကြိုးရဲ့ဆွဲငင်မှုကြောင့် မြေပြင်မှာ ကျန်ရစ်ရှာတဲ့ ခွန်ရစ်ဘီးထံကို ပြန်လာရသလိုမြတ်နဲ့ ကျနော့်ကြားမှာ လည်း ခိုင်မာလှွန်းတဲ့ သံယောဇဉ်တမျှင်ကြိုးက ရှိနေသေးတယ်လေ

ဒီတော့ သားတည်းဟူသော ကြိုးကလေးကြောင့် ခွန်တည်းဟူသောမြတ်နဲ့ ရစ်ဘီးကျနော်တို့ဟာဘယ်လောက်ပဲဝေးဝေး တချိန်ချိန်မှာဖြင့် ပြန်လည်ဆုံစည်းရဦးမှာပါ ကိုငြိမ်းမောင်ရယ်

# နွေဦးပေါက်ရင်

//ဇော်ညိန်း ရေးဆွဲသည်

ညက ကိုငြိမ်းမောင်ဆီ စာရေးရင်း အတွေးနယ်ချဲ့နေမိတာနဲ့
အတော်နဲ့ အိပ်မပျော် - ထို့ကြောင့် မနက်နေမြင့်တဲ့အထိ
အိပ်ပြစ်မည်ဟု စိတ်ကူးထားမိ၏။ သို့သော်. . .




ချမ်းချမ်းစိမ်းစိမ်းနှင်းမှုံကြား
မှ သနားစရာတွန်ကျူးနေ
သော ဥသြသံကြောင့်
ကျနော် အိပ်မရတော့ပါ

တလောကလုံး ဥသြငယ်၏လွမ်း
တေးတွင် လွမ်းဆွေးငေးမော
နေကြသည်ကို တိတ်ဆိတ်ငြိမ်
သက်လျက်ရှိနေ၏။








အား သားရှူးတွေ စိုနေပါလား ဒိုး နစ်နေတာပါပဲလား .. ဒါကြောင့် အော်တာကိုး .. သားသေးစို အနှီးကို အခြောက်နှင့် လဲပေးလိုက်ပါသည်။ ဒါပေမဲ့ သားချောက မတိတ်သေး




(ဟောလက်ကြီးခုတ်လို့မြတ်ရေ သားကိုချိုချိုတိုက်အုံးကွာ ဟေး..မြတ်.)
(အင် သားကတကယ်ဘဲကွာ ဟင့် အဟင့်...) ကျနော် အော်ရီလိုက်မိတယ် ပေါ့ (ဟား ဟား ဟား ဟား)
ဝါး ဝါး
(ဘယ့်နှယ်အော်ရီတာလဲ သူများ တွေအိပ်တုံး..။ သားကငို ဖအေက ရီနဲ့ကြာရင် ဒီသားအဖကို ပေပေ တို့က အိပ်ပျက်တယ်ဆိုပြီး ရိုက်ချလိမ့်မနော..ဟင်း..)
(ဟုတ်ပါဘူး..ကလေးကို ကလေး က နို့တိုက်မွေးနေတဲ့ အဖြစ် ရီချင်လွန်းလို့ပါ..) (ဘယ် လို ကလေးက ကလေးကို)


(အခင်းလေ ကလေးနို့တိုက်ပါဆို သား
ကလဲကျွာ အပေါင့် အပေါင့်နဲ့ ကလေး
ကျနေတာဘဲ နောက်က အမေဆိုတဲ့
စကားလုံးကိုမေ့မထားနဲ့ မြတ်ရေ
မြတ်ဟာ ကလေးမဟုတ်တော့ဘူး
ကလေးအမေဗျ။ ။ သိရဲ့လား)
(အခင် ဒီပြင်ကလေး အမေတွေဆို
နေ့လယ်နေ့ခင်း အိပ်ချိန်နားချိန်
ရတယ်ကိုယ်တော်ရဲ့ဒီမှာက
တနေ့လုံးကျောင်းတက်ရတာ
မော ။ ။လို့)
(ကျောင်းသူက ကျောင်းသူလိုမှ မနေဘဲ ဘာလို့လင်ယူချင်ရသေးတုံး)
(ဟုတ်ပါတယ် ဟုတ်ပါတယ် သူများအပြစ်ပါရှင် သမီးရီးစားဆိုတာ ကြားရင်
ဝေးတတ်တယ်လေးနည်းတတ် တယ်လေးနဲ့ ။ သူများကနားပူတာပါ ။ ။ဟွန်း)


မြတ်နှုတ်ခမ်းရူတော့ ချော့ရပြန်တယ်ပေါ့(လကားပါမြတ်ရာ စတာကိုများ မြတ်ပင်ပမ်းတာ ကိုသိပါတယ် ဟိုရသေ့ကြီးလို လက်ညှိုးကနိုင့်ထွက်ရင်လေ မြတ်ကိုမနှိုးပါဘူး)
တကယ်ပါကွယ် မြတ်ကိုတကယ်သနား တာပါ...
(ဟောဒီ - ခွေးမသားလေးကို မကောင်းဘူး ခွေးမသား လေး . ဟော့ခွေးမသားလေး)
(အမယ်ကြည့်ကြည့် သူများ ကို ခွေးမလို့ပြောတာပေါ့ သိတ်ဆိုးတဲ့ လူဆိုး. .)


(ဒါကြောင့် အမိ ကျေးဇူးဟာ ကြီးမားတာပဲပေါ့ မြတ်ရယ်. . ကြည့်လေ မာတာပိတု အမိအဘတဲ့ အမိကံရှေ့မှာ. . ) (ဒါပေမဲ့ မြတ်နဲ့ ကိုကျတော့ သားပေါ်မှာ တုတုပါဘဲကွယ် မြတ်ကျောင်းသွားနေရင်တနေ့လုံး ကိုဘဲ ပြုစုရတယ်လေ)
(ဘယ်ဟုတ်မလဲ ချိုချဉ်ပူစပ် ရှောင်ရှားရတဲ့ ဒုက္ခ ကိုးလဆယ်လလွယ် မွေးဖွားရတဲ့ ဒုက္ခ အဲ အသက်အန္တရာယ်စိုးရိမ်ရမှု ဒါတွေကို ကိုက ဘာများခံစားခဲ့ရလို့လဲမြတ်ရဲ့ ဟုတ်ဘူးလား)
မြတ်က ပီတိလွှမ်းသောအပြုံးကိုဆောင်ရင်း (ဒါဖြင့် သားငိုတဲ့အခါ စိတ်မညည်းဘူးလား)

သည့်တုံးမှာ ညည်းသံက လွင့်ပျံလာ
လို့မို့ (သားငိုသံဟာ အခုအော်
နေတဲ့ ညည်းသံကလေးကြားရ
သလို သာယာတယ်လို့ ကိုထင်
တယ် မြတ်) (ဟင်)

ညည်းသံဟာ ကျနော့်အနှစ်
သက်ဆုံး အသံမို့ သားငိုသံကို
ကျနော်က ညည်းသံနှင့်တင်စား
လိုက်ခြင်းပါ ဒါပေမဲ့
(ကိုကလဲ – မဟုတ်တာကွယ်)





(ညည်းသံက သာယာပေမဲ့ ကြားရသူအဖို့ လွမ်းဆွေးတမ်းတတဲ့ ခံစားမှုမျိုး ခံစားရတယ်မြတ်တော့ သားအသံကို ဒီလိုမရွှင်လန်းတဲ့အသံမျိုးနဲ့ မနှိုင်းစေချင်ဘူးကွယ် . . ပြီးတော့လဲ ပုံပြင်ထဲမှာ ဖတ်ဖူးတယ်လေ . ဒီညည်းလေးက . . .




(အမေပျောက်လို့ မေရော မေရောနဲ့ လိုက်ရှာနေတဲ့ ငှက်ကလေးတဲ့ အော်ရင်း အော်ရင်း က ဥဩဖြစ်လာတာတဲ့) မြတ်စကားကို ဥဩသံကြား တိုင်းကျနော် အမှတ်ရမိနေ၏။
ပုံပြင်ထဲမှာ အမေရော အမေရောလို့ အော်တယ်အဆိုပြုကြပေမဲ့ ကျနော့်နားထဲမှာကြားပြီး မျက်စိမှာမြင်လာမိတာက
ဥဩ.. ဥဩ...
အဖေရော အဖေရောလို့ ငိုနေရှာတဲ့ ကျနော့သား ကျနော့်သားရယ်ပါလေ...